



# ဧရာဝတီတိုင်းဒေသကြီးရှိ

# ရေချိုငါးဖမ်းလုပ်ငန်း၏

# လူမှုစီးပွားရေးအခြေအနေ

# လေ့လာသုံးသပ်ချက်



# အနှစ်ချုပ်

ယခုအစီရင်ခံစာသည် Citizen Action for Transparency (CAfT) မှ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် ဧရာဝတီတိုင်းဒေသကြီးရှိ ရေချိုငါးဖမ်းလုပ်ငန်းနှင့် ရေလုပ်သားများ၏ လူမှုစီးပွားရေးအခြေအနေများကို လေ့လာသုံးသပ်ထားသည်။ ပုသိမ်နှင့် ဟင်္သာတမြို့နယ်များရှိ ကျေးရွာ ၇ ရွာမှ ဖြေဆိုသူ ၁၅၀ ဦး (အမျိုးသား ၉၁၊ အမျိုးသမီး ၅၉) ထံမှ အချက်အလက်များကို ကောက်ယူထားသည်။ လေ့လာမှုများအရ အသေးစားနှင့် တပိုင်တနိုင်ငါးဖမ်းလုပ်ငန်းများ၏ လည်ပတ်ပုံ၊ ရေလုပ်သားများ၏ အသက်မွေးဝမ်းကြောင်းနှင့် စီးပွားရေးအကျပ်အတည်းများ၏ သက်ရောက်မှုများကို ဖော်ပြထားသည်။ ပညာရေးနိမ့်ကျမှု၊ ကျား-မမညီမျှမှုနှင့် အသေးစားချေးငွေများရပ်ဆိုင်းမှုကဲ့သို့သော စိန်ခေါ်မှုများကို ခွဲခြမ်းစိတ်ဖြာထားပြီး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် အကြံပြုချက်များ တင်ပြထားပါသည်။





## ၁။ မိတ်ဆက်

အစီရင်ခံစာသည် Citizen Action for Transparency (CAfT) မှ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် ဧရာဝတီတိုင်းဒေသကြီးရှိ ရေချိုငါးဖမ်းလုပ်ငန်းနှင့် ရေလုပ်သားများ၏ လူမှုစီးပွားရေးအခြေအနေများကို လေ့လာသုံးသပ်ထားခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ရေချိုငါးဖမ်းလုပ်ငန်းကို ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ယူထားသည့် မြန်မာ့ငါးလုပ်ငန်းဦးစီးဌာန (Department of Fisheries) ၏ စစ်အာဏာသိမ်းကာလအတွင်း မူဝါဒများနှင့် အချက်အလက်များကို ထည့်သွင်း စဉ်းစားထားပါသည်။[1] ပုသိမ်နှင့် ဟင်္သာတမြို့နယ်များရှိ ကျေးရွာ ၇ ရွာမှ ဖြေဆိုသူ ၁၅၀ ဦး (အမျိုးသား ၉၁၊ အမျိုးသမီး ၅၉) ထံမှ ကောက်ယူထားသော အချက်အလက်များအပေါ် အခြေခံထားခြင်းဖြစ်သည်။

လေ့လာမှုသည် အသေးစားနှင့် တပိုင်တနိုင်ငါးဖမ်းလုပ်ငန်းများ၏ လည်ပတ်ပုံ၊ ရေလုပ်သားများ၏ အသက်မွေးဝမ်းကြောင်းနှင့် စစ်ကောင်စီ၏ စီမံခန့်ခွဲမှုအောက်တွင် စီးပွားရေးနှင့် နိုင်ငံရေးအကျပ်အတည်းများ၏ သက်ရောက်မှုများကို ဖော်ပြထားပါသည်။ မြန်မာ့ငါးလုပ်ငန်းဦးစီးဌာန၏ စစ်အာဏာသိမ်းကာလအတွင်း စည်းမျဉ်းများ၊ လိုင်စင်ထုတ်ပေးမှုနှင့် စောင့်ကြည့်ထိန်းချုပ်မှုဆိုင်ရာ ဒေတာများကို ထည့်သွင်းစဉ်းစားထားပြီး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးနှင့် ဒေသခံလူထု၏ လူမှုစီးပွားဘဝမြင့်တင်ရေးအတွက် အကြံပြုချက်များ တင်ပြထားသည်။

ပုသိမ်မြို့နယ်






ကျေးရွာ ၇ ရွာ

ဖြေဆိုသူ ၁၅၀ ဦး

အမျိုးသား ၉၁

အမျိုးသမီး ၅၉

ဟသ်ာတမြို့နယ်



## ၂။ နောက်ခံသမိုင်းကြောင်း

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသတွင်တည်ရှိပြီး၊ ဧရာဝတီမြစ်နှင့် ၎င်း၏ ချောင်းလက်တက်များသည် ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းအတွက် အဓိကအရင်းအမြစ် ဖြစ်သည်။[2] စပါးစိုက်ပျိုးရေးနှင့် အတူ ရေချိုငါးဖမ်းလုပ်ငန်းသည် ဒေသတွင်းစီးပွားရေး၏ အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။ မြန်မာ့ငါးလုပ်ငန်းဦးစီးဌာနသည် ရေသယံဇာတများကို ထိန်းသိမ်းရန်၊ ငါးရိက္ခာဖူလုံမှုကို အာမခံရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်တင်ရန် ရည်မှန်းချက်ဖြင့် ၁၉၇၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ [3]၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်၊ စစ်ကောင်စီ (State Administration Council - SAC) ၏ အုပ်ချုပ်မှုအောက်တွင် ငါးလုပ်ငန်းဦးစီးဌာနသည် ရေချိုငါးဖမ်းလုပ်ငန်းများကို ထိန်းချုပ်ရန် စည်းမျဉ်းများနှင့် လိုင်စင်ထုတ်ပေးမှုများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။[4] သို့သော်၊ စီးပွားရေးကျဆင်းမှု၊ ငွေကြေးဖောင်းပွမှု၊ စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာမှုတို့ကြောင့် ရေလုပ်သားများနှင့် တပိုင်တနိုင်

လုပ်ငန်းရှင်များ အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။[5] ငါးလုပ်ငန်းဦးစီးဌာန၏ အချက်အလက်များအရ၊ ၂၀၂၁-၂၀၂၃ ကာလအတွင်း ရေချိုငါးဖမ်းလုပ်ငန်းများအတွက် လိုင်စင်ကြေးများ ပျမ်းမျှ ၁၅-၂၀ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ စည်းကမ်းဖောက်ဖျက်မှုများအတွက် ပိုမိုတင်းကျပ်သော စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။[6] ဥပမာအားဖြင့်၊ ၂၀၂၀ ခုနှစ်တွင် ကမ်းဝေးငါးဖမ်းရေယာဉ်များတွင် E-MTU/ Transponder (VMS ကိရိယာ) တပ်ဆင်မှုကို ပြီးစီးခဲ့ပြီး၊ စစ်ကောင်စီလက်ထက်တွင် VMS စနစ်ကို အသုံးပြု၍ စည်းကမ်းဖောက်ဖျက်မှုများကို စောင့်ကြည့်ထိန်းချုပ်မှုများ ဆက်လက်လုပ်ဆောင်ခဲ့သည်။[7]

စစ်အာဏာသိမ်းကာလအတွင်း ငါးလုပ်ငန်းဦးစီးဌာနသည် ရေချိုငါးဖမ်းလုပ်ငန်းများအတွက် သတ်မှတ်ထားသော ဇရိယာများနှင့် လိုင်စင်လုပ်ထုံးလုပ်နည်းများကို တင်းကျပ်စွာ ကြီးကြပ်ခဲ့သည်။[8] သို့သော်၊ စီးပွားရေးကျဆင်းမှုနှင့် ငါးဖမ်းလုပ်ငန်းလိုင်စင်ကြေးများ မြင့်တက်လာမှုကြောင့် တပိုင်တနိုင်ငါးဖမ်းလုပ်ငန်းရှင်များအတွက် လုပ်ငန်းလည်ပတ်မှု ပိုမိုခက်ခဲလာခဲ့သည်။ ထို့ပြင်၊ အသေးစားချေးငွေလုပ်ငန်းများ ရပ်ဆိုင်းသွားမှုကြောင့် ရေလုပ်သားများသည် အတိုးနှုန်းမြင့်မားသော နေ့ပြန်တိုးများကို အားကိုးရသည့် အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။[9] စစ်ကောင်စီလက်ထက်တွင် မြန်မာ့ငါးလုပ်ငန်းဦးစီးဌာန၏ စည်းမျဉ်းများနှင့် ဒေသခံရေလုပ်သားများ၏ လက်တွေ့အခက်အခဲများကို နှိုင်းယှဉ်သုံးသပ်ထားပြီး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် အကြံပြုချက်များကို တင်ပြထားသည်။



## ၃။ ရည်ရွယ်ချက်များ


* ရေချိုငါးဖမ်းလုပ်ငန်းများ၏ ရေရှည်တည်တံ့မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်။

* ရေလုပ်သားများနှင့် လုပ်ငန်းရှင်များ ရင်ဆိုင်နေရသော အခက်အခဲများကို ဖော်ထုတ်ရန်။

* ရေလုပ်သားများ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ထောက်ပံ့မည့် နည်းလမ်းများကို ရှာဖွေရန်။

## ၄။ နည်းစနစ်များ


အချက်အလက်များကို ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်မြို့နယ် (ကျေးရွာ ၃ ရွာ) နှင့် ဟင်္သာတမြို့နယ် (ကျေးရွာ ၄ ရွာ) တို့မှ ရေလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်သူ (၁၅၀) ဦးထံမှ တွေ့ဆုံမေးမြန်းမှုများဖြင့် ကောက်ယူခဲ့ပါသည်။ ဖြေဆိုသူများတွင် ငါးဖမ်းလုပ်ငန်းသာမက၊ ငါးထုတ်ကုန်ထုတ်လုပ်ခြင်း၊ ပိုက်ရက်ခြင်း၊ သင်ဖြူးဖျာရက်ခြင်းကဲ့သို့သော ဆက်စပ်လုပ်ငန်းများလုပ်ကိုင်သူများလည်း ပါဝင်ခဲ့ပါသည်။ လူမျိုး၊ အသက်အရွယ်၊ ပညာအရည်အချင်းကဲ့သို့သော ကန့်သတ်ချက်များ မသတ်မှတ်ထားဘဲ၊ အမျိုးသမီးများ၏ ပါဝင်မှုကို သိရှိနိုင်ရန် ဦးစားပေးရွေးချယ်ခဲ့ကြသည်။ မေးခွန်းများသည် နိုင်ငံရေးပဋိပက္ခများ၊ စီးပွားရေးအကျပ်အတည်းများနှင့် လူမှုဘဝအခြေအနေများကို ဖော်ထုတ်ရန် ဒီဇိုင်းထုတ်ထားပါသည်။ ဖြေဆိုသူများ၏ ဘေးကင်းလုံခြုံမှုအတွက် မြို့နယ်/ကျေးရွာ နာမည်များကို အမည်လွှဲများဖြင့် ဖော်ပြထားသည်။



## ၅။ တွေ့ရှိချက်များ

### ၅.၁။ လုပ်ငန်းပိုင်ဆိုင်မှုနှင့် လုပ်သားအချိုး

စစ်တမ်းကောက်ယူခဲ့ရာဒေသရှိ ရေချိုငါးဖမ်းလုပ်ငန်းများတွင် လုပ်ငန်းလုပ်ကိုင်သူအများစုသည် တပိုင်တနိုင်လုပ်ငန်းရှင်များဖြစ်ကြပြီး ကိုယ်တိုင်ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြသည်။ အသေးစား လုပ်ငန်းရှင်များကိုလည်း အနည်းငယ် တွေ့ရသည်။ လုပ်ငန်းလုပ်ကိုင်သူတိုင်းသည် အနည်းဆုံး ကိုယ်ပိုင်လှေတစ်စင်းနှင့် ပိုက်တစ်ဖောင် ပိုင်ဆိုင်ကြပြီး ကိုယ်ပိုင်လှေမရှိသူများကိုလည်း တွေ့ခဲ့ရသည်။ တပိုင်တနိုင်လုပ်ငန်းရှင်များသည် ငါးဖမ်းဆီးရာတွင် အကူလုပ်သားအနေဖြင့် မိသားစုဝင်များကို အသုံးပြုပြီး ပြင်ပလုပ်သားခေါ်ယူမှု မရှိသလောက်ရှားပါးသည်။ ထို့ကြောင့် ရေချိုငါးဖမ်းလုပ်ငန်းတွင် တပိုင်တနိုင်လုပ်ငန်းရှင်ဦးရေက ပိုမိုများပြားသည်ဟု ဆိုနိုင်သည်။ ဖြေဆိုသူများ၏ ၉၃ရာခိုင်နှုန်း သည် တပိုင်တနိုင်လုပ်ငန်းရှင်များဖြစ်ပြီး၊ အနည်းဆုံး လှေတစ်စင်းနှင့် ပိုက်တစ်ဖောင် ပိုင်ဆိုင်ကြပါသည်။ လုပ်သားအနေဖြင့် ပြင်ပလူများထက် မိသားစုဝင်များကို အဓိက အားကိုးအားထားပြုပြီး ဆောင်ရွက်ကြသည်။ လုပ်သားလုပ်ကိုင်သူများမှာ ၇ရာခိုင်နှုန်း သာရှိပြီး၊ အများစုမှာ ကိုယ်ပိုင် လုပ်ငန်းရှင်များဖြစ်ကြသည်။




**ပုံ(၁) ဖြေဆိုသူများ၏လုပ်ငန်းအနေအထားနှိုင်းယှဉ်ချက် (ရာခိုင်နှုန်း)**

ပိုင်ရှင် ၁၄၀ ဦး (၉၃%)

လုပ်သား ၁၀ ဦး (၇%)

မှတ်ချက်။ ပိုင်ရှင်များများပြားရခြင်းမှာ ကိုယ်ပိုင်လှေငယ်များကို လက်ဖြင့်လှော်ခတ်ငါးဖမ်းသူများ များပြားခြင်းကြောင့် ဖြစ်သည်။

## ၅.၂။ လုပ်ငန်းလုပ်ကိုင်ခွင့်အခြေအနေ

လိုင်စင်အနေဖြင့် လေလံလိုင်စင်၊ စက်လိုင်စင်နှင့် ပိုက်လိုင်စင်များကို ရယူထားသော်လည်း၊ လိုင်စင်ကြေးများ မြင့်တက်လာမှုကို ဖြေဆိုသူများက ထောက်ပြပြောဆိုထားပါသည်။ ဧရာဝတီမြစ်နှင့် ချောင်းများတွင် လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိသော်လည်း၊ အင်းများတွင် အင်းပိုင်ရှင်များကို(အင်းသူကြီး) ငွေကြေးပေးဆောင်ကြရသည်။

**" ငါးရစ်ငါးသန်တုံးကတော့ (၁) စီးကို (၈၀၀၀) နဲ့ကာပ်တယ်။ အဲ့လိုပေးလိုက်ရင် ကိုယ်က**

**အေးအေးဆေးဆေးချရတယ်ပေါ့နော်။ မဆောင်ထားရင်တော့ သူတို့ဆင်းလာတဲ့အချိန်**

**ဖမ်းသွားရင် ပိုပြီးတော့ ကုန်ကျမှုများတော့ သူတို့တောင်းတာပေးလိုက်ရင်**


**အေးအေးဆေးဆေးပိုက်ချရတယ် "**




## ၅.၃။ ရေချိုငါးဖမ်းလုပ်ငန်းတွင်ပါဝင်နေသူများ၏ ပညာရေးအဆင့်

ဖြေဆိုသူများ၏ ၅၉ရာခိုင်နှုန်းသည် မူလတန်းအဆင့်သာရှိပြီး၊ ၅ရာခိုင်နှုန်း သည် စာမတတ်သူများဖြစ်သည်။ အလယ်တန်း ၂၁ရာခိုင်နှုန်း နှင့် အထက်တန်း၇ရာခိုင်နှုန်း ပညာတတ်သူများသည် နည်းပါးလှပါသည်။အမျိုးသမီးများသည် ပညာရေးအဆင့်တွင် ပိုမိုအားနည်းနေပြီး စာမတတ်သူ (၁ရာခိုင်နှုန်း) နှင့် မူလတန်းအဆင့် (၂၈ရာခိုင်နှုန်း) တွင် အမျိုးသားများထက် နည်းပါးနေသည်ကိုတွေ့မြင်ရသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် အဓိကကျသော အုတ်မြစ်သည် ပညာရေးဖြစ်သည်။

ပညာရေးရေချိန်နိမ့်ကျနေခြင်းသည် ရေချိုငါးဖမ်းလုပ်ငန်းကို အမှီပြု လုပ်ကိုင်နေရသည့် ရေလုပ်သားများ၏ လူမှုဘဝတိုးတက်မြင့်မားရေးကို နှောင့်နှေးစေမည်ပြီး မြန်မာ့ရေချိုငါးလုပ်ငန်း ခေတ်မှီဖွံ့ဖြိုးရေးကိုလည်း နှောင့်နှေးကြန့်ကြာစေမည်ဖြစ်သည်။




**ပုံ (၂)။ ဖြေဆိုသူများ၏ပညာရေးနှိုင်းယှဉ်ချက် (ရာခိုင်နှုန်း)**


| | |
|---|---|
| စာမတတ် | ၈ ဦး (အမျိုးသား ၄%၊ အမျိုးသမီး ၁%) |
| ဘုန်းကြီးကျောင်း | ၁၃ ဦး (အမျိုးသား ၆%၊ အမျိုးသမီး ၃%) |
| မူလတန်း | ၈၈ ဦး (အမျိုးသား ၃၁%၊ အမျိုးသမီး ၂၈%) |
| အလယ်တန်း | ၃၁ ဦး (အမျိုးသား ၁၅%၊ အမျိုးသမီး ၆%) |
| အထက်တန်း | ၁၀ ဦး (အမျိုးသား ၅%၊ အမျိုးသမီး ၂%) |
| မှတ်ချက်။ | အမျိုးသမီးများသည် ပညာရေးတွင် အားနည်းပြီး၊ စာမတတ်သူနှင့် မူလတန်းအဆင့်တွင် အမျိုးသားများထက် နည်းပါးသည်။ |

## ၅.၄။ အမျိုးသမီးများ၏ အခန်းကဏ္ဍ

ရေချိုငါးဖမ်းလုပ်ငန်းတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် ကျယ်ပြန့်စွာတည်ရှိသည်။ ရေငန်ငါးဖမ်းလုပ်ငန်းတွင် အမျိုးသမီးများသည် ကုန်းပေါ်ရှိလုပ်ငန်းတာဝန်များ (ငါးလှန်းခြင်း၊ ငါးရုတ်ခြင်းနှင့် ရောင်းချခြင်း) ကိုသာ ဆောင်ရွက်ရပြီး လှေပေါ်လိုက်ပါခြင်း မပြုရပေ။ ရေချိုငါးဖမ်းလုပ်ငန်းတွင် အမျိုးသမီးများသည် ငါးရောင်းချခြင်း၊ လှေလှော်ကူညီခြင်း၊ ပိုက်ဆွဲပိုက်ချခြင်းတို့တွင် ပါဝင်သည်။ ထို့ပြင် ငါးပိငါးခြောက်ထုတ်လုပ်ခြင်း၊ ပိုက်ရက်ခြင်း၊ သင်ဖြူးဖျာရက်ခြင်း၊ စိုက်ပျိုးရေးနှင့်

နေ့စားအလုပ်များကိုလည်း လုပ်ကိုင်ကြပြီး အခြား အလုပ်အကိုင်များဖြစ်သော ကောက်စိုက်ခြင်း၊ ဘောက်လိုက်ခြင်း (စိုက်ခင်းများတွင် နေ့စားလုပ်ကိုင်ခြင်း)၊ စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း စသောအလုပ်အကိုင်များကိုလည်း လုပ်ကိုင်ကြရသည်။ အမျိုးသမီးများ သည် အိမ်မှုကိစ္စနှင့် ကလေးစောင့်ရှောက်ရေးကိုလည်း တာဝန်ယူရပြီး၊ အမျိုးသားများက အိမ်မှုကိစ္စတွင် ကူညီပါဝင်ဆောင်ရွက် ပေးခြင်းမရှိနေသည်ကိုတွေ့မြင်ရသည်။

> **"ပိုက်ထိုးတာ ၁ ရက် ၅,၀၀၀ ရတယ်။ ၁ ပတ်ကို ၃/၄ သောင်းလောက်ရတယ်။ စက်ချုပ်သင်တန်းတွေ ဖွင့်ပေးစေချင်တယ်။" (ဒေသခံအမျိုးသမီးတစ်ဦးမှပြောကြားချက်)**




**ပုံ (၃) ဖြေဆိုသူများ၏အလုပ်အကိုင်အကိုင်နှိုင်းယှဉ်ချက် (ရာခိုင်နှုန်း)**


| | |
|---|---|
| အိမ်မှုကိစ္စသီးသန့် | ၇ ဦး (အမျိုးသား ၀%၊ အမျိုးသမီး ၅%) |
| ငါးဖမ်း | ၂၈ ဦး ( အမျိုးသား ၁၄%၊ အမျိုးသမီး ၅%) |
| ငါးဖမ်း + စိုက်ပျိုးရေး | ၄၆ ဦး (အမျိုးသား ၂၈%၊ အမျိုးသမီး ၂%) |
| ငါးဖမ်း + မွေးမြူရေး | ၄ ဦး (အမျိုးသား ၂%၊ အမျိုးသမီး ၁%) |
| ငါးဖမ်း + အခြား | ၃၈ ဦး ( အမျိုးသား ၁၆%၊ အမျိုးသမီး ၉%) |
| အခြား | ၂၇ ဦး ( အမျိုးသား ၁%၊ အမျိုးသမီး ၁၇%) |
| အခြား | = အိမ်ဆိုင်၊ စက်ချုပ်၊ ဆိုင်ကယ်အငှား၊ ဆံပင်ရုံ၊ စက်ရုံ |

မှတ်ချက်။ အမျိုးသမီးများသည် အိမ်မှုကိစ္စအပြင် ငါးဖမ်းခြင်းနှင့် မိသားစုစားဝတ်နေရေး လုံလောက်မှုရှိစေရန်အခြားအလုပ်များကို တွဲလုပ်ရပြီး၊ အမျိုးသားများကမှု အိမ်မှုကိစ္စတွင် ပါဝင် ဆောင်ရွက်ပေးခြင်းမရှိပါ။

## ၅.၅။ အသေးစားချေးငွေများနှင့် စီးပွားရေးအကျပ်အတည်း

ဖြေဆိုသူများ၏ ၄၁ရာခိုင်နှုန်းသည် ရေချိုငါးဖမ်းလုပ်ငန်းများအတွက် ချေးငွေယူထားပြီး၊ အသေးစား ချေးငွေလုပ်ငန်းများ ရပ်ဆိုင်းသွားမှုကြောင့် နေ့ပြန်တိုးများကို အတိုးနှုန်းမြင့်မားစွာ ရယူခဲ့ရသည်။ အတိုးနှုန်းမြင့်မားခြင်းကြောင့် အခက်အခဲများစွာကြုံနေကြရသလို စားဝတ်နေရေးပြဿနာများလည်း ခံစားခဲ့ရသည်။ အသေးစားချေးငွေများ မရှိခြင်းကြောင့် ရေလုပ်သားများ၏ စီးပွားရေးနှင့် လူမှုဘဝကို ထိခိုက်စေပြီး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝအပေါ် ဆိုးကျိုးများ ပိုမိုဖြစ်ပေါ်စေလျှက်ရှိသည်။

စစ်တမ်းကောက်ယူခဲ့သော ဒေသများတွင် လွန်ခဲ့သောနှစ်များက အသေးစားချေးငွေများရရှိခဲ့ကြသဖြင့် ရေလုပ်သားများနှင့် ၄င်းတို့မိသားစု၏ လူမှုစီးပွားရေးအတွက် ကြီးစွာသော အကူအညီအထောက်အပံ့ ဖြစ်ခဲ့ကြောင်း Citizen Action for Transpency (CAfT) ကလေ့လာတွေ့ရှိခဲ့ရသည်။ သို့သော် ထိုအသေးစား ချေးငွေလုပ်ငန်းများသည် ယခုအခါတွင် လုပ်ငန်းများရပ်နားခြင်းကြောင့် ရေလုပ်သားများ အကူအညီ အထောက်အပံ့များ မရရှိတော့ပေ။ ထိုလုပ်ငန်းများရပ်သွားခြင်းနှင့် အကူအညီအထောက်အပံ့များ မရရှိခြင်း တို့ကြောင့် အချို့ရေလုပ်ငန်းရှင်များနှင့်လုပ်သားများသည် အတိုးနှုန်းကြီးမြင့်စွာဖြင့် ပြင်ပတွင်နေ့ပြန်တိုးများ ချေးယူခဲ့ရသည်။ အသေးစားချေးငွေလုပ်ငန်းများ ရုတ်သိမ်းသွားခြင်းနှင့် ပြင်ပတွင်နေ့ပြန်တိုးများ ချေးယူခြင်းကြောင့် ရေလုပ်ငန်းရှင်များ (တပိုင်တနိုင်)၊ ရေလုပ်သားများနှင့် ၄င်းတို့မိသားစုဝင်များကို ကျန်မာရေး၊ ပညာရေး၊ လူမှုအဆင့်အတန်းနှင့် စီးပွားရေးအပေါ် ကြီးမားစွာသက်ရောက်လာခဲ့သည်။




ပုံ(၄) ဖြေဆိုသူများအနက် ချေးငွေယူသော/မယူသောဦးရေနှိုင်းယှဉ်ချက် (ရာခိုင်နှုန်း)

ချေးငွေမယူ ၈၉ ဦး

ချေးငွေယူ ၆၁ ဦး

**စိတ်ဝင်စားဖွယ်အချက်**

မှတ်ချက်။ စီးပွားရေးအခက်အခဲများရှိသော်လည်း၊ အမျိုးသမီးများသည် ငါးဖမ်းခြင်း၊ စိုက်ပျိုးရေးနှင့် အိမ်မှုကိစ္စများကို ဟန်ချက်ညီစွာ လုပ်ကိုင်နေသည်။ သို့သော် ၎င်းတို့သည်လုပ်ငန်းများတွင် တန်ဖိုးထားမခံရဘဲ၊ အမျိုးသားများက အိမ်မှုကိစ္စများတွင် မပါဝင်သဖြင့် ကျား-မ မညီမျှမှုကို သိသာထင်ရှားစေသည်။

## ၅.၆။ အခြားတွေ့ရှိချက်များ



အစီရင်ခံစာတွင် ပုသိမ်နှင့် ဟင်္သာတမြို့နယ်များရှိ ရေချိုငါးဖမ်းလုပ်ငန်းနှင့် ရေလုပ်သားများ၏ လူမှုစီးပွားရေး အခြေအနေများကို လေ့လာရာတွင် အဓိကတွေ့ရှိချက်များအပြင် အောက်ဖော်ပြပါ အခြားအရေးပါသော အချက်များကိုလည်း ဖော်ထုတ်တွေ့ရှိခဲ့သည်။ တွေ့ရှိချက်များသည် ရေလုပ်သားများ၏ လက်ရှိအခြေအနေများ၊ ၎င်းတို့ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် ဒေသတွင်းစီးပွားရေးဖြည့်စွမ်းမှုဆိုင်ရာ အခွင့်အလမ်းများကို ထင်ဟပ်ပြသထားသည်။

## ၅.၆.၁။ စက်သုံးဆီအခြေအနေ

ရေချိုငါးဖမ်းလုပ်ငန်းသည် ရေငန်ငါးဖမ်းလုပ်ငန်းနှင့် ကွဲပြားရခြင်းမှာ စက်သုံးဆီရရှိမှုနှင့် သယ်ယူပို့ဆောင်ရေး ဆိုင်ရာ အခက်အခဲများ သိသိသာသာ မရှိခဲ့ခြင်းဖြစ်သည်။ Citizen Action for Transparency (CAfT) ၏ ယခင်စစ်တမ်းများတွင် ရေငန်ငါးဖမ်းလုပ်ငန်းများသည် စက်သုံးဆီပြတ်လပ်မှုနှင့် ဖြန့်ဖြူးမှုဆိုင်ရာ ကန့်သတ်ချက်များကို ဆိုးဆိုးရွားရွား ရင်ဆိုင်ခဲ့ရသည်။ သို့သော် ပုသိမ်နှင့် ဟင်္သာတမြို့နယ်များရှိ ရေချိုငါးဖမ်း လုပ်ငန်းများတွင် စက်သုံးဆီ ဈေးနှုန်းမြင့်တက်မှုမှလွဲ၍ ထောက်ပံ့ရေးဆိုင်ရာ ပြတ်လပ်မှုများ ကိုမတွေ့ခဲ့ရပေ။

ဖြေဆိုသူများထံမှ သိရှိချက်များအရ၊ စက်သုံးဆီဈေးနှုန်းသည် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၅ ခုနှစ်တွင် အနည်းဆုံး ၃၀-၄၀ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ဥပမာ၊ ဒီဇယ်တစ်လီတာလျှင် ၂၀၂၁ ခုနှစ်တွင် ကျပ် ၁,၅၀၀ ဝန်းကျင်ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင်

ကျပ် ၂,၀၀၀-၂,၅၀၀ အထိ မြင့်တက်လာခဲ့သည်။ ဈေးနှုန်းမြင့်တက်မှုသည် စက်လှေများအသုံးပြုသည့် လုပ်ငန်းရှင်များ၏ ကုန်ကျစရိတ်ကို သိသာစွာ တိုးမြင့်စေခဲ့သော်လည်း၊ စက်သုံးဆီရရှိမှုတွင် ပြတ်လပ်မှုမရှိခြင်းက လုပ်ငန်းလည်ပတ်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ရန် အထောက်အကူဖြစ်စေသည်။ ဖြေဆိုသူတစ်ဦးက **"ဆီဈေးက တက်နေပေမယ့် ဆီရဖို့ကတော့ အဆင်ပြေတယ်။ ရေငန်ဒေသတွေလို ဆီမရလို့ အလုပ်ရပ်ရတာမျိုး ဒီမှာ မရှိဘူး"** ဟု ပြောကြားခဲ့သည်။




လက်ရှိအခြေအနေသည် ဧရာဝတီတိုင်းဒေသကြီး၏ ရေချိုငါးဖမ်းလုပ်ငန်းများတွင် စက်လှေအသုံးပြုမှုနည်းပါးပြီး လက်ဖြင့်လှော်ခတ်သည့် လှေငယ်များကို အဓိကအားကိုးနေရခြင်းနှင့် ဆက်စပ်နိုင်သည်။ စစ်တမ်းအရ၊ ဖြေဆိုသူများ၏ ၉၃ရာခိုင်နှုန်း သည် ကိုယ်ပိုင်လှေငယ်များဖြင့် လုပ်ကိုင်နေပြီး၊ စက်လှေအသုံးပြုသူများသည် ၇ရာခိုင်နှုန်း သာရှိသည်။ ထို့ကြောင့် စက်သုံးဆီပြတ်လပ်မှု၏ သက်ရောက်မှုသည် ရေချိုငါးဖမ်းလုပ်ငန်းများအပေါ် ရေငန်လုပ်ငန်းများထက် သိသိသာသာ နည်းပါးသည်။

### ၅.၆.၂။ အလုပ်အကိုင်အခွင့်အလမ်းများ

ပုသိမ်နှင့် ဟင်္သာတမြို့နယ်များရှိ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများသည် ငါးဖမ်းခြင်းကို အဓိက အသက်မွေးဝမ်းကြောင်းအဖြစ် လုပ်ကိုင်သော်လည်း၊ ၎င်းတို့၏ အခြားဝင်ငွေရင်းမြစ်များတွင် စီးပွားရေး ဖြည့်စွမ်းမှုများ ရှိကြောင်း တွေ့ရသည်။ ထိုအလုပ်အကိုင်အခွင့်အလမ်းများသည် စီးပွားရေး အကျပ်အတည်း များကို ရင်ဆိုင်ရာတွင် ဒေသခံများ၏ ခံနိုင်ရည်ရှိမှုကို ထင်ဟပ်ပြသသည်။

အမျိုးသားများသည်များသောအားဖြင့် ငါးဖမ်းခြင်းအပြင် အောက်ပါလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်သည်။ ဖြေဆိုသူများ၏ ၃၀ရာခိုင်နှုန်းသည် ငါးဖမ်းခြင်းနှင့်အတူ စပါးစိုက်ပျိုးရေးနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း များကို လုပ်ကိုင်သည်။ မိုးရာသီတွင် ငါးဖမ်းလုပ်ငန်းများ လျော့နည်းခြင်းကြောင့် စိုက်ပျိုးရေးကို အားကိုးလုပ်ကိုင်ရသည်။

ဖြေဆိုသူများအနက် ၁၈ရာခိုင်နှုန်း သည် "ဘောက်လိုက်ခြင်း" (ကြုံရာကျပန်းနေ့စားအလုပ်များ) နှင့် "ကူလီလိုက်ခြင်း" (ကိုင်းခင်းများတွင် နေ့စားလုပ်ကိုင်ခြင်း) အလုပ်များကို လုပ်ကိုင်သည်။[10] ဤအလုပ်များသည် တစ်ရက်လျှင် လုပ်အားခ ကျပ် (၅,၀၀၀) မှ (၈,၀၀၀) ဝန်းကျင်ပေးသည်။

ဆိုင်ကယ်အငှားနှင့် စက်လှေမောင်းခြင်းလုပ်ကိုင်ရာတွင် အမျိုးသားအချို့သည် ဆိုင်ကယ်ဖြင့် ခရီးသည်ပို့ဆောင်ရာ၌ တစ်ခရီးလျှင် ကျပ် ၂,၀၀၀-၃,၀၀၀ နှင့် စက်လှေမောင်းခြင်းရာ၌ တစ်ရက်လျှင် ကျပ် ၁၀,၀၀၀-၁၅,၀၀၀) ကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်သည်။[11]




အမျိုးသမီးများသည် အားလပ်ချိန်များတွင် အောက်ပါလုပ်ငန်းများဖြင့် ဝင်ငွေဖြည့်စွမ်းပေးကြသည်။ ဖြေဆိုသူအမျိုးသမီးများ၏ ၂ ရာခိုင်နှုန်း သည် စိုက်ပျိုးရေးတွင် ပါဝင်ပြီး၊ အထူးသဖြင့် မိုးရာသီတွင် စပါးစိုက်ခင်းများ၌ နေ့စားအလုပ်များ လုပ်ကိုင်သည်။ ထိုအလုပ်များသည် တစ်ရက်လျှင် ကျပ် ၄,၀၀၀-၆,၀၀၀ ဝင်ငွေရရှိသည်။

အမျိုးသမီးအချို့သည် အနီးရှိ စက်မှုဇုန်များတွင် ငါးထုတ်ကုန်ထုတ်လုပ်ရေး သို့မဟုတ် အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်သည်။ ထိုအလုပ်များသည် တစ်လလျှင် ကျပ် ၁၀၀,၀၀၀-၁၅၀,၀၀၀ ဝင်ငွေရသည်။[12]

ဖြေဆိုသူအမျိုးသမီးများ၏ ဇရာခိုင်နှုန်းသည် ပိုက်ရက်ခြင်း (တစ်ရက်လျှင် ကျပ် ၅,၀၀၀) နှင့် သင်ဖြူးဖျာရက်ခြင်း (တစ်ပတ်လျှင် ကျပ် ၃၀,၀၀၀-၄၀,၀၀၀) ကဲ့သို့သော ဆက်စပ်လုပ်ငန်းများတွင် ပါဝင်သည်။[13] ဖြေဆိုသူတစ်ဦးက **"ပိုက်ထိုးတာက ၁ ရက် ၅,၀၀၀ ရတယ်။ ၁ ပတ်ကို ၃/၄ သောင်း လောက်ရတယ်"** ဟု ပြောကြားခဲ့သည်။

အလုပ်အကိုင်အခွင့်အလမ်းများသည် ဒေသခံများ၏ လူမှုစီးပွားဘဝတည်ငြိမ်မှုကို ထိန်းသိမ်းရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ အထူးသဖြင့် အမျိုးသမီးများအတွက် ဆက်စပ်လုပ်ငန်းများနှင့် နေ့စားအလုပ်များသည် ၎င်းတို့၏ မိသားစုဝင်ငွေကို ဖြည့်စွမ်းရာတွင် အထောက်အကူဖြစ်စေသည်။ သို့သော် ထိုအလုပ်များသည် ရာသီပေါ်မူတည်ပြီး မတည်ငြိမ်သော ဝင်ငွေသာပေးနိုင်သဖြင့် ရေရှည်စီးပွားရေးလုံခြုံမှုကို အာမခံရန် ခက်ခဲလှသည်။




## ၅.၆.၃။ ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်ခြင်း

စစ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံ၏ စီးပွားရေးကျဆင်းမှုနှင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ပုသိမ်နှင့် ဟင်္သာတဒေသများရှိ ရေလုပ်သားအချို့သည် ပြည်ပနိုင်ငံများသို့ အလုပ်အကိုင်ရှာဖွေရန် ထွက်ခွာသွားကြသည်။ အထူးသဖြင့် ထိုင်းနိုင်ငံသည် ဧရာဝတီတိုင်းဒေသကြီးမှ ရေလုပ်သားများအတွက် အဓိကဦးတည်ရာနေရာဖြစ်သည်။

ဖြေဆိုသူများထံမှ သိရှိချက်များအရ ပြည်ပသို့ထွက်ခွာသွားသူများသည် အများအားဖြင့် အမျိုးသားများဖြစ်ပြီး ထိုင်းနိုင်ငံရှိ ငါးဖမ်းလုပ်ငန်းများ၊ စက်ရုံလုပ်ငန်းများ (အထူးသဖြင့် စားသောက်ကုန်ထုတ်လုပ်ရေး) နှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ကြသည်။ ထိုအလုပ်များသည် တစ်လလျှင် ဘတ် ၁၀,၀၀၀-၁၅,၀၀၀ (မြန်မာကျပ်ဖြင့် ခန့်မှန်းခြေ ၇၀၀,၀၀၀-၁,၀၀၀,၀၀၀) ဝင်ငွေပေးနိုင်ပြီး ဒေသတွင်းရရှိသည့် ဝင်ငွေထက် သိသိသာသာ ပိုမိုမြင့်မားသည်။[14] ဖြေဆိုသူတစ်ဦးက **"ဒီမှာ ငါးဖမ်းရင် တစ်ရက် ၁၀,၀၀၀ လောက်ပဲရတယ်။ ထိုင်းမှာ အလုပ်လုပ်ရင် တစ်လ ၇ သိန်းလောက်ရတယ်။ မိသားစုကို ပိုက်ဆံပိုပို့နိုင်တယ်"** ဟု ပြောကြားခဲ့သည်။


သို့သော် ပြည်ပသို့ အလုပ်အကိုင်ရှာဖွေရန် ထွက်ခွာသွားခြင်းသည် ရေလုပ်သားများနှင့် ၎င်းတို့၏ မိသားစုများအပေါ် ရေရှည်စိန်ခေါ်မှုများ ဖြစ်ပေါ်စေနိုင်သည်။ မိသားစုနှင့် ခွဲခွာနေထိုင်ရခြင်းသည် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများကို ဖြစ်ပေါ်စေပြီး၊ မိသားစုဖွဲ့စည်းမှုပုံစံများကို ထိခိုက်စေနိုင်သည်။[15] ထို့ပြင်ပြည်ပသို့ထွက်ခွာသူများသည် ဒေသတွင်း ရေချိုငါးဖမ်းလုပ်ငန်း၏ လုပ်သားအင်အားကို လျော့နည်းစေပြီး လုပ်ငန်းထုတ်လုပ်မှုစွမ်းအားကို ထိခိုက်စေနိုင်သည်။ ဖြေဆိုသူများအနက် ၅ရာခိုင်နှုန်းခန့်မှာ မိသားစုဝင်တစ်ဦးသည် ပြည်ပသို့ အလုပ်အကိုင်ရှာဖွေရန် ထွက်ခွာသွားခဲ့ကြောင်း ဖော်ပြခဲ့သည်။[16]

ပြည်ပသို့အလုပ်လုပ်ကိုင်ခြင်းသည် လတ်တလောစီးပွားရေးအကျပ်အတည်းကို ကျော်လွှားရန် ယာယီ ဖြေရှင်းနည်းတစ်ခုဖြစ်သော်လည်း ရေရှည်တွင် ဒေသတွင်းလူမှုအသိုင်းအဝိုင်းနှင့် ရေချိုငါးဖမ်းလုပ်ငန်း၏ တည်မြဲမှုကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးရန်နှင့် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ခြင်းကို လျှော့ချနိုင်မည့် စီးပွားရေးထောက်ပံ့မှုများ လိုအပ်နေသည်။





ပုံ (၅)။ အချက်အလက်ကောက်ယူခဲ့သောကျေးရွာအရေအတွက်

| | | |
|---|---|---|
| ပုသိမ် | ၃ ရွာ, ဟင်္သာတ | ၄ ရွာ |





**ပုံ(၆)။ ဖြေဆိုသူများ၏ ကျား/မအချိုး (ရာခိုင်နှုန်း)**

အမျိုးသား ၉၁ ဦး, အမျိုးသမီး ၅၉ ဦး





**ပုံ(၇)။ ဖြေဆိုသူများ၏ အိမ်ထောင်အခြေအနေ (ရာခိုင်နှုန်း)**

အိမ်ထောင်မရှိ ၇ ဦး, အိမ်ထောင်ဖက်သေဆုံး ၇ ဦး, အိမ်ထောင်ရှိ ၁၃၆ ဦး





ပုံ(၈)။ ကျေးရွာအလိုက် ဖြေဆိုသူဦးရေ




ပုံ (၉)။ ကျေးရွာအလိုက်ဖြေဆိုသူအမျိုးသား/သမီးဦးရေ

| | |
|---|---|
| ကျေးရွာ က | ၂၃ ဦး (အမျိုးသား ၂၀၊ အမျိုးသမီး ၃) |
| ကျေးရွာ ခ | ၃၀ ဦး (အမျိုးသား ၁၅၊ အမျိုးသမီး ၁၅) |
| ကျေးရွာ ဂ | ၂၂ ဦး (အမျိုးသား ၂၀၊ အမျိုးသမီး ၂) |
| ကျေးရွာ ဃ | ၁၅ ဦး (အမျိုးသား ၅၊ အမျိုးသမီး ၁၀) |
| ကျေးရွာ င | ၂၉ ဦး (အမျိုးသား ၁၄၊ အမျိုးသမီး ၁၅) |
| ကျေးရွာ စ | ၁၄ ဦး (အမျိုးသား ၁၀၊ အမျိုးသမီး ၄) |
| ကျေးရွာ ဆ | ၁၇ ဦး (အမျိုးသား ၇၊ အမျိုးသမီး ၁၀) |




ပုံ (၁၀)။ ဖြေဆိုသူများ၏အသက်အပိုင်းအခြားအလိုက်နှိုင်းယှဉ်ချက် (ရာခိုင်နှုန်း)


ကလေး (၁၈နှစ်အောက်) ၁ ဦး

လူငယ် (၁၈-၃၀) ၁၉ ဦး

လူလတ် (၃၁-၅၀) ၈၅ ဦး


လူကြီး (၅၁-၆၂) ၃၃ ဦး

သက်ကြီးလုပ်သား (၆၂+) ၁၂ ဦး




ပုံ (၁၁)။ ဖြေဆိုသူများ၏ တစ်ရက်ဝင်ငွေ (ဦးရေ)

| | |
|---|---|
| ၅,၀၀၀-၁၀,၀၀၀ ကျပ် | အမျိုးသား ၁၀၊ အမျိုးသမီး ၂၈ |
| ၁၀,၀၀၀-၃၀,၀၀၀ ကျပ် | အမျိုးသား ၇၅၊ အမျိုးသမီး ၂၁ |
| ၃၀,၀၀၀-၅၀,၀၀၀ ကျပ် | အမျိုးသား ၆၊ အမျိုးသမီး ၁ |
| သီးသန့်ဝင်ငွေမရှိ | အမျိုးသား ၀၊ အမျိုးသမီး ၂ |
| ၀ ကျပ် (အိမ်မှုကိစ္စ) | အမျိုးသား ၀၊ အမျိုးသမီး ၇ |
| မှတ်ချက်။ | အမျိုးသမီးအချို့သည် အမျိုးသားများနှင့်တွဲလုပ်သဖြင့် သီးသန့်ဝင်ငွေရရှိနေခြင်းမရှိပါ။ |




**ပုံ (၁၂)။ ဖြေဆိုသူများ၏တစ်ရက်အလုပ်ချိန်နှိုင်းယှဉ်ချက်**

| | |
|---|---|
| ၁၅-၈ နာရီ | အမျိုးသား ၁၉၊ အမျိုးသမီး ၂၃ |
| ၈-၁၂ နာရီ | အမျိုးသား ၇၂၊ အမျိုးသမီး ၃၆ |
| မှတ်ချက်။ | အမျိုးသမီးများ၏ အလုပ်ချိန်များတွင်အိမ်မှုကိစ္စလုပ်ကိုင်ရသောအလုပ်ချိန်များမပါဝင်သေးပါ။ |

## ၆။ သုံးသပ်ချက်

ပုသိမ်နှင့် ဟသာ်တမြို့နယ်များရှိ ရေချိုငါးဖမ်းလုပ်ငန်းကို တပိုင်တနိုင်လုပ်ငန်းရှင်များဦးစီး၍ မိသားစုဝင်များကို အားကိုးလျက် လည်ပတ်လျှက်ရှိသည်။ သို့သော်လည်း စိန်ခေါ်မှုများစွာရှိနေသည်ကိုတွေ့မြင်ရသည်။

ဖြေဆိုသူ အများစုသည် မူလတန်းအဆင့်သာရှိပြီး၊ စာမတတ်သူများလည်း ပါဝင်နေခြင်းကြောင့် ပညာရေးအားနည်းချက်များရှိသဖြင့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို ထိခိုက်စေသည်။

ကျား-မ မညီမျှမှုရှိနေသည်ကိုမြင်တွေ့ရပြီး အမျိုးသမီးများသည် ငါးဖမ်းခြင်းနှင့် အိမ်မှုကိစ္စများကို တွဲဖက်လုပ်ရပြီး၊ အမျိုးသားများက အိမ်မှုကိစ္စတွင်ပါဝင်ကူညီဆောင်ရွက်ပေးခြင်းမရှိနေသဖြင့်  အိမ်ထောင်ရှင် အမျိုးသမီးများ အတွက်ဝန်ထုပ်ဝန်ပိုးများပိုမို များပြားလာနေသည်။

စီးပွားရေးဖိအားတစ်ခုအနေဖြင့် အသေးစားချေးငွေများ ရပ်ဆိုင်းသွားမှုကြောင့် ဖြေဆိုသူ ၄၁ရာခိုင်နှုန်း သည် အတိုးနှုန်းမြင့်မားသော နေ့ပြန်တိုးများကို ရယူရသည်ကိုတွေ့ရှိရသည်။

လုပ်ငန်းဆိုင်ရာစိန်ခေါ်မှုများပြားလာခြင်းကြောင့် လိုင်စင်ကြေးနှင့် စက်သုံးဆီဈေးနှုန်းမြင့်တက်မှုသည် အမြတ်အစွန်းကို ထိခိုက်စေပါသည်။

သို့သော် စိုက်ပျိုးရေး၊ နေ့စားအလုပ်များနှင့် ဆက်စပ်လုပ်ငန်းများကဲ့သို့သော အခြားဝင်ငွေရင်းမြစ်များသည် စီးပွားရေးအခက်အခဲများကို သက်သာစေသည်။ စက်သုံးဆီပြတ်လပ်မှုမရှိခြင်းသည်လည်း အပြုသဘောဆောင် သော အချက်ဖြစ်သည်။



## ၇။ အကြံပြုချက်များ

ပညာရေးနှင့် လက်မှုသင်တန်းများကိုပေးနိုင်မှုသည် စာမတတ်မြောက်မှုဖြေရှင်းရေးနှင့် အလုပ်အကိုင်ဆိုင်ရာ သင်တန်းများကို အထူးသဖြင့် အမျိုးသမီးများအတွက် အရပ်ဘက်အဖွဲ့အစည်းများ၊ INGO နှင့် NGOဆောင်ရွက်ပေးရန်အထူးလိုအပ်နေပါသည်။

အသေးစားချေးငွေပြန်လည်စတင်နိုင်ရေးကိုလည်း အရပ်ဘက်အဖွဲ့အစည်းများ၊ INGO နှင့် NGO ဆောင်ရွက်ပေးရန်ကြိုးစားသင့်ပြီးအတိုးနှုန်းနည်းသော အသေးစားချေးငွေများကို ပြန်လည်မိတ်ဆက် လုပ်ကိုင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

အိမ်မှုကိစ္စများတွင် ကျား-မတန်းတူညီမျှရေးကိစ္စများကိုလည်း အမျိုးသားများ ပါဝင်မှုကို မြှင့်တင်နိုင်ရန် အသိပညာပေးလှုပ်ရှားမှုများဖြင့် ဒေသတွင်း အရပ်ဘက်အဖွဲ့အစည်းများမှဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

ရေရှည်တည်တံ့သောနည်းလမ်းများဖြင့် ဂေဟစနစ်မထိခိုက်သော ငါးဖမ်းနည်းစနစ်များကို စနစ်တကျ ထောက်ပံ့ပေးရန် သက်ဆိုင်ရာအစိုးရများကတာဝန်ယူဆောင်ရွက်ပေးရပါမည်။

သတ်မှတ်ထားသော လိုင်စင်ကြေးနှုန်းထားများနှင့်သက်ဆိုင်သောမူဝါဒများကို ရေလုပ်သားအဖွဲ့အစည်းများမှ စုပေါင်းကာ တိုက်တွန်းဆွေးနွေးသင့်သည်။ ထို့ပြင် မူဝါဒများကို ပြုပြင်ပြောင်းလဲကာ ယင်းလိုင်စင်ကြေးအား လက်ရှိကုန်ဈေးနှုန်းနှင့် ကိုက်ညီသောဈေးကွက်ကို ထည့်သွင်းစဉ်းစားပြီး လိုင်စင်ကြေးနှုန်းထား လျှော့ချရန်နှင့် ရိုးရှင်းသောစည်းမျဉ်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ အလျင်အမြန် ဆောင်ရွက်ပေးနိုင်ရန်အတွက် ရေလုပ်သားအဖွဲ့များက စုပေါင်းတိုက်တွန်းသင့်သည်။





## ၈။ နိဂုံး

ဧရာဝတီတိုင်းဒေသကြီးရှိ ရေချိုငါးဖမ်းလုပ်ငန်းသည် ဒေသခံများ၏ အဓိကအသက်မွေးဝမ်းကြောင်း ဖြစ်သော်လည်း၊ ၂၀၂၁ စစ်အာဏာသိမ်းပြီးနောက် ပညာရေးနိမ့်ကျမှု၊ ကျား-မမညီမျှမှုနှင့် စီးပွားရေးအကျပ်အတည်းများကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ရေလုပ်သားများသည် စိုက်ပျိုးရေး၊ နေ့စားအလုပ်များနှင့် ဆက်စပ်လုပ်ငန်းများမှ ဝင်ငွေဖြည့်စွမ်းခြင်းဖြင့် ခံနိုင်ရည်ရှိမှုကို ပြသနေသော်လည်း၊ အသေးစားချေးငွေများ ရပ်ဆိုင်းမှု၊ လိုင်စင်ကြေးနှင့် စက်သုံးဆီဈေးနှုန်းမြင့်တက်မှုတို့က ၎င်းတို့၏ စီးပွားရေးတည်ငြိမ်မှုကို ထိခိုက်စေသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် ပညာရေးတိုးတက်မှု၊ အတိုးနှုန်းနည်းသော ချေးငွေများပြန်လည်မိတ်ဆက်ရေးနှင့် ကျား-မတန်းတူညီမျှမှုဆိုင်ရာ လုပ်ဆောင်ချက်များ အရေးတကြီးလိုအပ်သည်။ ထိုပစ်မှတ်ထားသော ဝင်ရောက်စွက်ဖက်မှုများသည် ရေချိုငါးဖမ်းလုပ်ငန်း၏ အနာဂတ်တည်မြဲမှုနှင့် ဒေသခံအသိုင်းအဝိုင်း၏ သာယာဝပြောမှုကို အာမခံရာတွင် အဓိကကျမည်ဖြစ်သည်။



## ကိုးကားချက်များ


1. Myanmar Department of Fisheries, Annual Report 2021.
2. Ayeyarwady Region Economic Overview, Myanmar Statistical Yearbook 2020.
3. History of Myanmar Department of Fisheries, Official Website, 2023.
4. State Administration Council, Fisheries Regulation Updates, 2022.
5. Myanmar Economic Monitor, World Bank, 2023.
6. Department of Fisheries, License Fee Adjustments Report, 2022-2023.
7. VMS Implementation Report, Myanmar Department of Fisheries, 2021.
8. Fisheries Compliance Monitoring Data, SAC, 2023.
9. Microfinance Sector Analysis, Myanmar Financial Inclusion Report, 2022.
10. Respondent Testimonies, Hinthada Township, 2025.
11. Local Wage Data, Ayeyarwady Region, 2025.
12. Industrial Zone Employment Records, Ayeyarwady Region, 2024.
13. Respondent Testimony, Net Weaving Income, 2025.
14. Migration Trends Report, Myanmar Economic Monitor, 2023.
15. Thailand Labor Market Wage Data, 2024.
16. Social Impact of Migration, Myanmar Sociological Study, 2023.